# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၃) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၄) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဇော် ခွင့် ၁ ရက်၊

(၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၉) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်နှင့်

(၁၀) ပုသိမ်းကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌ ပါမောက္ခ ပွန်ရ်ဖက် ဝီချစ်ခေါ်လ်ချိုင်း ထံမှ ပေးပို့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ ဖတ်ကြားတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြု လွှတ်တော် ဥက္ကဋ္ဌ ပါမောက္ခ ပွန်ရ်ဖက် ဝီချစ်ခေါ်လ်ချိုင်းထံမှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး မှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့လာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအား ဖတ်ကြားတင်ပြပါမယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော် မန္တလေး တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် သမိုင်းဝင် နေရာများ အကြီးအကျယ် ထိခိုက် ပျက်စီးမှုများကို ထိတ်လန့်ဝမ်းနည်းဖွယ်ရာ ကြားသိရသိတဲ့အတွက် စိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာအချိန်တွင် ငလျင်ဘေးဒုက္ခသည်များနှင့် ငလျင်ဘေးဒဏ်သင့်မိသားစုများ အတွက် ပြန်လည်ထူထောင်ရေးအကူအညီတစ်ရပ်ကို ရရှိကြ လိမ့်မည်ဟု စိတ်ရင်းစေတနာဖြင့် မျှော်လင့်မိသည်သာမက လူကြီးမင်းနှင့် မြန်မာနိုင်ငံသားများ အတွက် ကိုယ်ချင်းစာနာ၍ နက်နက် ရှိုင်းရှိုင်းဝမ်းနည်းကြောင်း သဝဏ်လွှာကို ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုလွှတ်တော်နှင့် ထိုင်းနိုင်ငံ ပြည်သူများကိုယ်စား မိမိကပေးပို့အပ်ပါကြောင်း ယခုလိုဒုက္ခခံစားနေရသည့်အချိန်တွင် မြန်မာနိုင်ငံ ပြည်သူများနှင့် ထပ်တူခံစားရပါကြောင်းနှင့် ဆုတောင်းမေတ္တာများပို့သအပ်ပါကြောင်း ဖော်ပြ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ထံသို့ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ ပါမောက္ခ ပွန်ရ်ဖက် ဝီချစ်ခေါ်လ်ချိုင်းထံမှ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့လာပါတယ်။ ဝမ်းနည်းကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ရန်ဖြစ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်ရေးနယ်မြေ(Free Trade Area)စာချုပ်မျိုးချုပ်ဆိုထားခြင်းရှိ/မရှိနှင့် ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တစ်ချိန်က နိုင်ငံတကာစင်မြင့်မှာ ဂုဏ်ရှိန်မြင့်မားခဲ့ပါတယ်။ ကမ္ဘာပေါ်မှာအကြီးဆုံးဖြစ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ ကုလသမဂ္ဂမှာ ကျွန်တော်တို့နိုင်ငံသားတစ်ဦးက အတွင်းရေးမှူးချုပ်ရာထူးရရှိတဲ့အထိ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာ မြင့်မားခဲ့ပါတယ်။ အဲဒီလို တစ်ချိန်က မြင့်မားခဲ့တဲ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိအောင် ပြည်ထောင်စုအစိုးရမှာ ရေတိုရေရှည် မဟာဗျူဟာနည်းဗျူဟာများ စီစဉ်ချမှတ်ထားခြင်းရှိ/မရှိဆိုတာကို သိလိုပါတယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဒီနေ့ ကမ္ဘာပေါ်မှာ နိုင်ငံတွေဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် Free Trade Agreement(FTA) လို့ခေါ်တဲ့ လွတ်လပ်သောကုန်သွယ်မှု စာချုပ်များ ချုပ်ဆိုပြီးတော့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးအပြန်အလှန် ကူးလူးဆက်ဆံပြီးတော့ ကိုယ့်အမျိုးသားအကျိုးစီးပွားကိုမြှင့်တင်နေကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့မြန်မာ နိုင်ငံမှာလည်း FTA စာချုပ်ချုပ်ထားတဲ့နိုင်ငံရှိ/မရှိနဲ့ တကယ်လို့မရှိသေးဘူးဆိုရင် နောင်မှာ FTA စာချုပ်ချုပ်ဖို့ အစီအစဉ်ရှိသလား၊ မရှိသလားဆိုတာကို သိချင်ပါတယ်။ နောက်တတိယမေးခွန်းကတော့ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းမှာ ကမ္ဘာပေါ်မှာ အင်မတန်ကြမ်းတမ်းတဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေဖြစ်ခဲ့ပါတယ်။ ရဝမ်ဒါမှာဆို ရက် ၁၀၀ အတွင်း လူ ရှစ်သိန်းလောက် အသတ်ခံရတယ်။ Genocide ဖြစ်ခဲ့ပါတယ်။ ကမ္ဘောဒီးယားမှာလည်း ဖြစ်ခဲ့ပါတယ်။ ဘော့စနီးယားစစ်ပွဲမှာလည်းဖြစ်ခဲ့ပါတယ်။ အခု လောလောဆယ်မှာတော့ ဆူဒန်နိုင်ငံ ဒက်ဖားဒေသမှာ လူတွေနေ့စဉ်သေဆုံးနေရပါတယ်။ အဲဒီလိုသေဆုံးနေရတဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေကို တားဆီးဖို့အတွက် နိုင်ငံတချို့ဟာ ရောမမြို့မှာတွေ့ဆုံပြီးတော့ စာချုပ် တစ်ခုချုပ်ဆိုခဲ့ရပါတယ်။ အဲဒီစာချုပ်ကို ရောမစာချုပ်(Rome Statue)လို့ခေါ်ပါတယ်။ အဲဒီကနေပြီးတော့ ကျောရိုးပြုပြီးတော့ နိုင်ငံတကာရာဇဝတ်ခုံရုံး(International Criminal Court) ဆိုတဲ့ နယ်သာလန်နိုင်ငံ The Hague မြို့မှာ အဲဒီခုံရုံးကို ထူထောင်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း တာဝန်သိတဲ့

ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်ခုအနေနဲ့ ရောမစာချုပ်(Rome Statue)မှာ လက်မှတ်ရေးထိုးဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို ပြည်သူတွေရဲ့ကိုယ်စား လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ နိုင်ငံတကာရေးရာများနှင့်စပ်လျဉ်းတဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပြင် သက်ဆိုင်တဲ့ အခြားဝန်ကြီးဌာနများဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ဖြေကြားချက်များကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ နိုင်ငံတကာအလယ်မှာ မြန်မာ့ပုံရိပ်ပိုမိုတောက်ပြောင်လာစေရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံဟာ ပြီးခဲ့တဲ့ရာစုနှစ်နှစ်ခုအတွင်း နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေများအပေါ်မှာ အကြောင်းပြုပြီးတော့ ဝေဖန်ထိုးနှက်မှုတွေနှင့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါတယ်။ ယခုအခါမှာ ဒီမိုကရေစီအစိုးရရဲ့ ဦးဆောင်မှုနဲ့ တိုးတက်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီဖြစ်သည့်အတွက် မိမိနိုင်ငံနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အခြေအနေကို ဖန်တီးနိုင်ရန် နိုင်ငံတကာမှာရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ နားလည်မှု၊ ပူးပေါင်းကူညီဆောင်ရွက်မှုများနှင့်အတူ ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ စတင်တာဝန်ယူပြီး မရှေးမနှောင်းမှာပင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေရတဲ့ ကျောင်းသားကျောင်းသူများကို ပြစ်ဒဏ်မှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုင်ရာနိုင်ငံတကာပင်မစာချုပ်များသို့ မြန်မာနိုင်ငံက တိုးတက်ပါဝင်နိုင်ရေး

ဆိုင်ရာအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကိုလည်း နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းပြီးတော့ ပြုလုပ်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်ပြရမည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းစာရင်းမှ ပယ်ဖျက်မှုဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးအဖွဲ့နှင့် Plan of Action လက်မှတ်ရေးထိုးပြီးဆောင်ရွက်လျက်ရှိတဲ့အပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များကိုလည်း စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ အလုပ်သမားအခွင့်အရေး စံချိန်စံညွှန်းများနှင့် ဆီလျော်မှုရှိစေရန် အလုပ်သမားအခွင့်အရေးဆိုင်ရာ ပြည်တွင်းဥပဒေများကိုလည်း ပြန်လည်သုံးသပ်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်များကြောင့်လည်းကောင်း၊ ဒေသတွင်းအစည်းအဝေးများဖြစ်တဲ့ အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံဝန်ကြီးအဆင့်၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများ၊ ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် အက်မက်ထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုမှုနှင့် စိတ်ဝင်စားမှုများ ပိုမိုမြင့်မားလာသည်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

နိုင်ငံတကာအလယ်မှာ မြန်မာ့ပုံရိပ်ပိုမိုတောက်ပြောင်လာစေရေးကို နိုင်ငံတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဦးစားပေးဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာသံတမန်များရဲ့ အရည်အသွေး မြင့်မားလာရန်ဘာသာစကား၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်မှုမြင့်မားရေး၊ သံတမန်စွမ်းရည်မြင့်မားရေးတို့အတွက် နိုင်ငံတကာတက္ကသိုလ်များမှာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကိုလည်း စေလွှတ်လေ့ကျင့်ပေးလျက်ရှိပါတယ်။ ထို့အပြင် ရေရှည်စီမံချက်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သံတမန်ရေးရာသင်တန်းကျောင်း(Diplomatic Academy) တစ်ခုတည်ထောင်နိုင်ရေးကိုလည်း နိုင်ငံတကာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြားလွတ်လပ်တဲ့ ကုန်သွယ်ရေးနယ်မြေ(Free Trade Area-FTA) စာချုပ်များ ချုပ်ဆိုထားခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး WTO အဖွဲ့ဝင်နိုင်ငံများဟာ ဒေသဆိုင်ရာ Free Trade Agreement (FTA) များကို သတ်မှတ်ချက်များနှင့်အညီချုပ်ဆိုပြီး စာချုပ်ဝင်နိုင်ငံများ အချင်းချင်းအကောက်ခွန်လျှော့ချ ဖယ်ရှားခြင်းများအပါအဝင် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများ၊ ကန့်သတ်ချက်များကို ဖြေလျှော့ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ WTO အဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ ဆောင်ရွက်ထားတဲ့ FTA ပေါင်း ၂၈၁ ခုရှိကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံအနေနှင့်တော့ လွတ်လပ်တဲ့ကုန်သွယ်မှုဒေသခြောက်ခုမှာ ပါဝင်လက်မှတ် ရေးထိုးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါတွေကတော့ ၂၆-၂-၂၀၀၉ ရက်နေ့မှာ အာဆီယံဒေသတွင်း လွတ်လပ်တဲ့ကုန်သွယ်မှုဒေသသဘောတူစာချုပ်၊ ၂၉-၁၁-၂၀၀၄ ရက်နေ့မှာ အာဆီယံ-တရုတ် လွတ်လပ်တဲ့ကုန်သွယ်မှုဒေသသဘောတူစာချုပ်၊ ၂၄-၈-၂၀၀၆ ရက်နေ့မှာ အာဆီယံ-ကိုရီးယား လွတ်လပ်တဲ့ကုန်သွယ်မှုဒေသသဘောတူစာချုပ်၊ ၁၀-၄-၂၀၀၈ ရက်နေ့မှာ အာဆီယံ-ဂျပန်လွတ်လပ်တဲ့ကုန်သွယ်မှုဒေသ သဘောတူစာချုပ်၊ ၂၇-၂-၂၀၀၉ ရက်နေ့မှာ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်တဲ့ကုန်သွယ်မှုဒေသသဘောတူစာချုပ်၊ ၁၃-၈-၂၀၀၉ ရက်နေ့မှာ အာဆီယံ-အိန္ဒိယ လွတ်လပ်တဲ့ကုန်သွယ်မှုဒေသ သဘောတူစာချုပ်တို့ဖြစ်ကြပါတယ်။ ထို့အပြင် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ-ဟောင်ကောင်လွတ်လပ်တဲ့ကုန်သွယ်မှုဒေသ၊ အာဆီယံနှင့်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းလျက်ရှိတဲ့ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership-RCEP)၊ နိုင်ငံများရဲ့ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(BIMSTEC) လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသများနှင့် စပ်လျဉ်းပြီးတော့ ပါဝင်ဆွေးနွေးလျက်လည်းရှိပါတယ်။

Bilateral စာချုပ်နှင့်ပတ်သက်ပြီးတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံဟာ FTA မှာ ပါဝင်ရေးထိုးထားကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံအနေနဲ့ FTA ရေးထိုးခြင်းမရှိသေးပါကြောင်းနှင့် နှစ်ဦး

နှစ်ဖက်အကျိုးရှိနိုင်မယ့်ကိစ္စရပ်များကို နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ ရာဇဝတ်ခုံရုံး ကျောရိုးဖြစ်တဲ့ ရောမစာချုပ် (Rome Statute)မှာ ပါဝင်လက်မှတ်ရေးထိုးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ အီတလီနိုင်ငံ၊ ရောမမြို့မှာပြုလုပ်ခဲ့တဲ့ သံတမန်ဆိုင်ရာ ညီလာခံကအတည်ပြုခဲ့တဲ့ ရောမစာချုပ်ဟာ လူမျိုးတုံးအောင်ကျူးလွန်သည့်ပြစ်မှု၊ လူသားချင်း မစာနာစွာကျူးလွန်တဲ့ပြစ်မှု၊ စစ်ဖြစ်စဉ်ကျူးလွန်တဲ့ပြစ်မှု၊ ကျူးကျော်ရန်စမှုကြောင့် ကျူးလွန်တဲ့ပြစ်မှုများအတွက် နိုင်ငံအချင်းချင်း သဘောတူစာချုပ် ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများရဲ့ ပြစ်မှုတရားစီရင်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အခွင့်အာဏာဖြင့် ဆောင်ရွက်ပါတယ်။ လက်မှတ်ရေးထိုးထားတဲ့နိုင်ငံပေါင်း ၁၃၉ နိုင်ငံဖြစ်ပြီးတော့ အဖွဲ့ဝင် ၁၂၄ နိုင်ငံရှိကြောင်း သိရပါတယ်။ အာဆီယံနိုင်ငံများအနက် ကမ္ဘောဒီးယားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံဟာလက်မှတ်ရေးထိုးထားတဲ့နိုင်ငံအဖြစ်လည်းကောင်း စိစစ်တွေ့ရှိရပြီးတော့ မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူနဲ့ ဗီယက်နမ် နိုင်ငံများဟာ လက်မှတ်ရေးထိုးခြင်းမရှိပါကြောင်းနှင့် အလားတူ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းအင်အား ကြီးနိုင်ငံကြီးများဖြစ်ကြတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဟာလည်း လက်မှတ်ရေးထိုးခြင်းမရှိတာကို စိစစ်တွေ့ရှိရပါတယ်။

စာချုပ်မှာ အပိုင်း ၁၃ ပိုင်းနှင့် အပိုဒ် ၁၂၈ ပိုဒ်ပါရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်များ၊ ဇယား(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)မှာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာသဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေးသည် နိုင်ငံခြားရေးကဏ္ဍဖြစ်သည့်အတွက် ဦးဆောင်ရမည့်ဝန်ကြီးဌာနနှင့် ထည့်သွင်းသင့်သည့်ဝန်ကြီးဌာနများ ပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့ဖွဲ့စည်းပြီး နိုင်ငံတကာရာဇဝတ်ခုံရုံ( ICC)ရဲ့ကျောရိုးဖြစ်တဲ့ ရောမစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးရန် သင့်/မသင့်ကို မိမိနိုင်ငံရဲ့ တည်ဆဲဥပဒေများနှင့်အညီ လေ့လာသုံးသပ်ပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အစိုးရဝန်ကြီးဌာနများ၏ ဘတ်ဂျက်ခွဲဝေချထားရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အမှန်တကယ် ဒေသပေါက်စျေးနှင့်အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ငွေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အစိုးရဝန်ကြီးဌာနများ ရဲ့ ဘတ်ဂျက်ခွဲဝေချထားရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အမှန်တကယ် ဒေသပေါက်စျေးနှင့် အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ တောင်ပေါ်မြေပြန့်၊ ကုန်းကြောင်း၊ ရေကြောင်း တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်ရေးအခြေအနေများစွာ ကွာခြားလျက် ရှိနေသလို ဒေသတစ်ခုနှင့်တစ်ခု ကုန်စျေးနှုန်း၊ ဒေသပေါက်စျေးနှုန်းထားမှာလည်း အင်မတန်မှ ကွာခြားလျက်ရှိနေတာကို အားလုံး အသိပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော် အစိုးရဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိတဲ့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်တွေကို လေ့လာကြည့်တဲ့ အခါမှာ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ခွင့်ပြုငွေပမာဏဟာ တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ဥပမာ မန္တလေးမြို့ မုံရွာမြို့တွေမှာ(ပေ ၆၀ x ပေ ၃၀) အဆောက်အဦအတွက် ကျပ် ၂၃၄ သိန်းခွင့်ပြုရင် ခန္တီးမြို့ ဟုမ္မလင်းမြို့မှာလည်း ၂၃၄ သိန်း၊ နာဂဒေသ လေရှီးမြို့ လဟယ်မြို့ နန်းယွန်းမြို့မှာလည်း ၂၃၄ သိန်း စသည်ဖြင့် ပုံသေသတ်မှတ်ပြီးတော့မှ ခွဲဝေချထားပေးတာကို တွေ့ရှိ ရပါတယ်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လမ်းလုပ်ငန်းများမှာလည်း ဟုမ္မလင်း မြို့နယ်လို မြေပြန့်ဒေသမှာ တစ်ကြောင်းထိုး ၁၈ ပေ အကျယ် တစ်မိုင်ကို ၁၈ သန်း ခွင့်ပြု ထားပြီးတော့မှ တောင်ပေါ်ဒေသ ကျောက်တောင်တွေကိုဖောက်တဲ့နေရာမှာလည်း ၁၈ သန်းပဲ ခွင့်ပြု ထားတာတွေကို တွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ တိုက်နယ်ဆေးရုံ စံကိုက်အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းမှာလည်း ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ နာဂဒေသ၊ ဓနုဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ စသည့်ဆေးရုံများမှာ ကျပ်သန်း ၃၉၀ စီ တန်းတူခွင့်ပြုထားပြီး တော့မှ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းအမျိုးအစားအလိုက် ဒေသပေါက်ဈေးအဖြစ် ခွဲဝေချထားပေးတာမျိုးမဟုတ်ဘဲနဲ့ ယခုလို မတူညီတဲ့ဒေသများမှာ တန်းတူခွင့်ပြုငွေချပေးခြင်းအားဖြင့် လုပ်ငန်းအရည်အသွေးမညီမျှမှုတွေ ဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ မန္တလေးမှာ ဘိလပ်မြေတစ်အိတ်ကို ၅၅၀၀ ကျပ်နဲ့ဝယ်လို့ရပေမယ်လို့ ဟုမ္မလင်းမြို့၊ ခန္တီးမြို့ရောက်တဲ့အခါမှာ ၉၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်လောက် ဖြစ်သွားပါတယ်။ နောက် လေရှီးမြို့၊ လဟယ်မြို့၊ နန်းယွန်းမြို့ရောက်တဲ့အခါမှာ ၂၀၀၀၀ ကျပ်ဝန်းကျင်လောက် ပေါက်သွားပါတယ်။ ပြီးတော့မှ ရွာကိုရောက်အောင် ဆက်သယ်မယ်ဆိုလို့ရှိရင်တော့ ၃၀၀၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်လောက် ကုန်ကျသွားပါတယ်။ နောက်တစ်ခုက သဲတစ်ကျင်းကို မြစ်ကမ်း၊ ချောင်းကမ်းရွာတွေမှာ ၁၀၀၀၀ ကျပ်နဲ့ရပေမယ့်လို့ သယ်ယူပို့ဆောင်ရေးဝေးတဲ့နေရာမှာ သိန်းဂဏန်းဖြစ်သွားပါတယ်။ ဒီလိုပဲ အခြားသောဈေးနှုန်းမတူညီမျှမှုတွေကြောင့် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်တဲ့နေရာမှာ မလုံလောက်တဲ့နေရာဒေသတွေရှိသလို ဘဏ္ဍာငွေပိုလျှံတဲ့ နေရာတွေလည်း များစွာရှိနိုင်ပါတယ်။ နောက်တစ်ခုက မြို့တစ်ခုတည်းမှာပဲ လုပ်ငန်းအမျိုးအစားအတိုင်းအတာပမာဏတူနေပြီးတော့မှ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု မတူညီတဲ့ဟာက ပိုပြီးတော့မှဆိုးပါတယ်။ ဥပမာ ဆောက်လုပ်ရေး၊ ကျေးလက်၊ နတလ၊ ပညာရေး၊ ကျန်းမာရေးဌာနတွေက ခွင့်ပြုရန်ပုံငွေတွေဟာ လုံးဝမတူညီပါဘူး။ ဒီလိုကွဲပြားခြားနားနေခြင်းအားဖြင့် အဂတိလိုက်စားမှုတွေ လည်း ပိုပြီးတော့မှ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တစ်နိုင်ငံလုံးတစ်ပြေးညီ ကြပ်မတ်ဆောင်ရွက်နိုင်ရန်နှင့် တိုင်းပြည်ရဲ့ဘဏ္ဍာငွေကို အလေအလွင့်မရှိစေဘဲ စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်ပြီးတော့မှ ပြည်သူများ၏ကိုယ်စား ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ အစိုးရဝန်ကြီးဌာနများရဲ့ဘတ်ဂျက်ခွဲဝေချထားရာမှာ ၂၀၁၇-၂၀၁၈

ဘဏ္ဍာနှစ်မှစပြီး အမှန်တကယ် ဒေသပေါက်ဈေးနှင့်အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနများကို ဘတ်ဂျက်ခွဲဝေချထားခြင်းနှင့်စပ်လျဉ်းပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ရေးဆွဲရာမှာ ယခင်က သမားရိုးကျနှစ်စဉ်တိုးမြှင့်လျာထား လာတဲ့ ပုံစံတွေအစားကို ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေကြပြီဖြစ်တဲ့ မူဝါဒကို အခြေခံဘတ်ဂျက် ရေးဆွဲခြင်း (Policy based budgting)ဖြစ်စေဖို့အတွက် ကမ္ဘာ့ဘဏ်နည်းပညာအကူအညီများဖြင့် နှစ်လတ်ဘဏ္ဍာရေးမူဘောင် တည်ဆောက်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမူဘောင်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများမပါတဲ့ သာမန်အသုံးစရိတ်ဘောင်တွေကို ဝန်ကြီးဌာန အလိုက် သတ်မှတ်ပေးခဲ့ပါတယ်။ ပြည်ပအကူအညီရငွေနှင့် ချေးငွေမပါတဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ဘောင်များကိုလည်း ဝန်ကြီးဌာန အလိုက် သတ်မှတ်ပေးခဲ့ပါတယ်။

သတ်မှတ်ပေးထားတဲ့အသုံးစရိတ်ဘောင်တွေကို အခြေခံပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာန များက မိမိတို့ရဲ့ဘတ်ဂျက်ကို ရေးဆွဲရပါတယ်။ ရေးဆွဲပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ပို့ရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာတဲ့ဘတ်ဂျက်ကို သာမန်အသုံးစရိတ်တွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်တွေကိုတော့ ကော်မတီ သုံးရပ် ကျွန်တော်တို့ ဖွဲ့စည်းထားပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံး ငွေရင်း)ကော်မတီဖြစ်ပါတယ်။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဖြစ်ပါတယ်။ နောက် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကြီးကြပ်မှုကော်မတီ ဖြစ်ပါတယ်။ ဒီကော်မတီတွေကနေပြီးတော့ အသီးသီးရေးဆွဲ တင်ပြလာတဲ့ ဘတ်ဂျက်တွေကို စိစစ်ရပါတယ်။ စိစစ်ပြီးမှသာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယသမ္မတ၊ ဘဏ္ဍာရေးကော်မရှင် စသည်ဖြင့် အဆင့်ဆင့်ဆက်ပြီးတော့ တင်ပြရပါ တယ်။ အလားတူပဲ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာလည်းပဲ ပြည်ထောင်စုက ထောက်ပံ့ပေး ရမယ့်ငွေကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရလည်း စုစုပေါင်း ညွှန်းကိန်းခြောက်ခုနဲ့ တွက်ချက်ပြီးတော့ သတ်မှတ်ပေးပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အရအသုံးတွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းတွေကနေပြီးတော့ ဘတ်ဂျက်ကို ဦးစွာရေးဆွဲပြီး တော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကနေတစ်ဆင့် ပြည်ထောင်စုကထောက်ပံ့ပေးနိုင်မယ့် ထောက်ပံ့ငွေဘောင်အတွင်းရှိ/မရှိ စိစစ်သုံးသပ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်

သို့ တင်ပြပြီးတော့မှ ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးကနေတစ်ဆင့် ဒုတိယသမ္မတထံ တင်ပြရပါတယ်။ ဒုတိယသမ္မတက စိစစ်ပြီး ဘဏ္ဍာရေးကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင်ထောက်ခံတင်ပြချက်နဲ့အတူ အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော် စသည်ဖြင့် အဆင့်ဆင့်တင်ပြပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ပြည်ထောင်စုဘတ်ဂျက်ကို အတည်ပြုပြီးတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်ကိုလည်း တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ဆက်လက်အတည်ပြုဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဘတ်ဂျက်တွေကို ရေးဆွဲတဲ့နေရာမှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများသည်လည်းကောင်း မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်ပတ်သက်ပြီးတော့ ဒေသပေါက်ဈေးနှုန်းနှင့်တွက်ချက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အတည်ပြုချက်နှင့် ဘတ်ဂျက်ကိုလျာထားရေးဆွဲနိုင်မှာဖြစ်ပါတယ်။ အဆိုပြုတင်ပြနိုင်ပါတယ်။ သက်ဆိုင်ရာကော်မတီတွေက စိစစ်တဲ့အခါမှာလည်းပဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ထောက်ခံထားတဲ့ဒေသန္တရဈေးနှုန်းများကို အသုံးပြုပြီးတော့ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဘတ်ဂျက်ခွဲဝေချထားရာမှာ ဌာနအဖွဲ့အစည်းများဟာ ဒေသဈေးနှုန်းများဖြင့်လျာထားတွက်ချက်တင်ပြလာပါက သက်ဆိုင်ရာကော်မတီများက စိစစ်ပြီးခွဲဝေချထားပေးလျက်ရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာကော်မတီများသို့လည်း ထပ်မံအသိပေးအကြောင်းကြား၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖွံ့ဖြိုးရေးစီမံကိန်းများအား ပွင့်လင်းမြင်သာပြီး လူထုပါဝင်မှုတိုးမြှင့်ပေးရန် အထောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်မ ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်အေးအေးမူ (ခေါ်) ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရာမှာ စီမံကိန်းများဟာ အဓိကကျပါတယ်။ အစိုးရအဆက်ဆက်မှာ စီမံကိန်းများ ရေးဆွဲခဲ့ကြပါတယ်။ စီမံကိန်းတွေထဲမှာ ၂၀-၁၀-၂၀၁၅ ရက်နေ့ သမ္မတကြီးဦးသိန်းစိန် အစိုးရလက်ထက်မှာလည်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ မှ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ထားရာ ဖွံ့ဖြိုးရေးစီမံကိန်းလည်း အပါအဝင် ဖြစ်ပါတယ်။ စီမံကိန်း ၂၄ ခုထဲမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ပါဝင်နေသောကြောင့် အားတက်ခဲ့ရပါတယ်။ သို့သော်လည်း ၂၀၁၅ အစိုးရအပြောင်းအလဲမှာ လက်ရှိအစိုးရမှ အဆိုပါစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရှိ/မရှိကို ပြည်သူများကြားမှာ အထူးစိတ်ဝင်တစားရှိနေကြပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ မိမိ အစပိုင်းမှာတင်ပြခဲ့သလို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်ရာမှာ စီမံကိန်းများဟာ မရှိမဖြစ်အထူးလိုအပ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ စီမံကိန်းများ ရေးဆွဲမှုများကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် ပညာရှင်များ၊ အစိုးရများ၊ ဒေသအာဏာပိုင်များ၊ နိုင်ငံ့ဝန်ထမ်းများကသာ အဓိကအခန်းမှာဆောင်ရွက်ပြီး ရေးဆွဲခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အကျိုးဆက်အနေဖြင့် စီမံကိန်းရည်ရွယ်များ၊ ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ကောင်းမွန်သော်လည်း ဒေသလိုအပ်ချက်နှင့်မကိုက်ညီခြင်း၊ လိုအပ်ချက်ထက်ပိုလျှံနေခြင်း၊ ဥပမာ - ကျွန်မတို့ ကလေးမြို့နယ်နှင့်ထိစပ်နေတဲ့ ဂန့်ဂေါမြို့နယ်မှာ ဟံသာဝတီတိုက်နယ်ဆေးရုံနဲ့ မြောက်ခရမ်းတိုက်နယ်ဆေးရုံဟာ လမ်းမကြီးတစ်ခုတွင်း ငါးမိုင်ခန့်သာဝေးကွာပြီး တည်ဆောက်ထားခြင်းကို တွေ့မြင်နေရပြီး ကလေးမြို့နယ်လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းခန့်နေထိုင်တဲ့ ချင်းတိုင်းရင်းသားများ အများစုနေထိုင်တဲ့ အနောက်မြောက်ကျေးရွာများမှာ တိုက်နယ်ဆေးရုံတစ်ခုမျှမရှိခြင်း၊ ချင်းပြည်နယ်(မြောက်ပိုင်း)နှင့်ဆက်သွယ်ထားတဲ့ အဆိုပါလမ်းကြောင်းပေါ်မှာ ကတ္တရာလမ်းတစ်မိုင်မျှသာ ခင်းထားခြင်းများကို တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်မတို့နိုင်ငံဟာ လူမျိုးပေါင်းစုံနေထိုင်တဲ့နိုင်ငံဖြစ်သည့်အလျောက် ကျေးရွာတစ်ရွာတည်းမှာပင် လူမျိုးတစ်မျိုးမကနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ထိုသို့သောအခြေအနေမှာ ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များ ဆောင်ရွက်ရာမှာ ကျေးရွာတိုင်းလိုအပ်ချက်ရှိနေသဖြင့် မရရှိတဲ့ကျေးရွာများနှင့် ရရှိသောကျေးရွာများအကြား စိတ်ဝမ်းကွဲမှုများ၊ မယုံကြည်မှုများ၊ မလိုလားအပ်သောပြိုင်ဆိုင်မှုများ ဖြစ်ပေါ်ရပါတယ်။ အဲဒီလိုဖြစ်ရပ်များဟာ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်ရေးကိစ္စများကို ထိခိုက်စေပါတယ်ရှင့်။ ပိုနေသောနေရာကနေပြီးတော့ နုတ်ပယ်ပြီး လိုနေ

သောနေရာများကို ပြောင်းရွှေ့ခြင်းမျိုးလည်း ပြုလုပ်၍မရနိုင်ပါ။ လိုနေသောနေရာများသို့ ပြည်သူ့ငွေကြေးဖြင့် ထပ်မံဆောင်ရွက်ရတာဖြစ်လို့ မလိုလားအပ်တဲ့ဖြုန်းတီးမှုများဖြစ်ပေါ်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းပြည်အပြောင်းအလဲကာလမှာ ပြည်သူလူထုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်သူ့ငွေများဖြင့်သာ ဆောင်ရွက်ရမှာဖြစ်လို့ တစ်ကြိမ်မက စဉ်းစားသုံးသပ်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တာဝန်ရှိသူများရဲ့ စဉ်းစားသုံးသပ်ဆုံးဖြတ်ချက်များဟာ ဒေသခံလူထုရဲ့ လိုအပ်ချက်နှင့်တစ်ထပ်တည်းကျရာမှာ စီမံကိန်းများရေးဆွဲတဲ့အခါမှာ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိရအောင် ဌာနဆိုင်ရာအသီးသီးမှ ပြည်သူ့ဝန်ထမ်းများ၊ ပညာရှင်များ၊ ဒေသအာဏာပိုင်များ၊ ရွေးကောက်ခံ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်/ကျေးများမှ ပြည်သူလူထုများပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ စီမံကိန်းများရေးဆွဲနိုင်ရန် ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို အစိုးရကဦးဆောင်ပြီး မြှင့်တင်ပေးနိုင်မှသာ ကျွန်မတို့လိုချင်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်အကောင်အထည်ပေါ်လာမှာဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ယခင်အစိုးရလက်ထက်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်းများအား လက်ရှိအစိုးရလက်ထက်မှာ ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့် အဆိုပါစီမံကိန်းများအား ပွင့်လင်းမြင်သာပြီး လူထုပါဝင်မှုတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူရဲ့ စီမံကိန်းဆိုင်ရာ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမူရဲ့ မေးမြန်းချက်မှာ အပိုင်းနှစ်ပိုင်းပါဝင်တာကို တွေ့ရပါတယ်။ ပထမပိုင်းကတော့ ယခင်အစိုးရလက်ထက်မှာ အကောင် အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရန်

အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ဒုတိယပိုင်းကတော့ စီမံကိန်း များကို ဒေသခံပြည်သူများမှ တင်ပြဆွေးနွေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အချက်အလက်များကို ပြည်သူများ သိရှိနားလည်နိုင်ရန်အတွက် ထုတ်ပြန်ပေးမည့်အစီအစဉ်ရှိ/မရှိဟူ၍ ဖြစ်ပါတယ်။

ပထမအပိုင်းနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၉)ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေရဲ့ အခန်း(၃) အထွေထွေ ပုဒ်မ ၅ မှာ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက်၊ ဒေသအလိုက် လုပ်ငန်းအစီအစဉ်များကို အသေးစိတ်ရေးဆွဲ၍ ဆောင်ရွက်နိုင်ပါတယ်။ ထို့ပြင် ပုဒ်မ ၁၀ မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများပါဝင်ရမည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၁၂ မှာလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ၊ စီးပွားရေးတွက်ခြေကိုက်မှုရှိ/မရှိ၊ ပြည်သူများအတွက်အကျိုးရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု/မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိတို့ကို လေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ရရှိထားသော လုပ်ငန်းစီမံကိန်းများဖြစ်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ သို့ပါ၍ ယခင်အစိုးရလက်ထက်မှာ အကောင်အထည်ဖော်ခဲ့သည့်စီမံကိန်းများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်၍ ဒုတိယအပိုင်းဖြစ်တဲ့ စီမံကိန်းအချက်အလက်များကို ပြည်သူများ သိရှိနားလည်ရန် ထုတ်ပြန်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းရေးဆွဲရာတွင် ယခင်က Top down ပုံစံဖြင့် ဗဟိုမှ အောက်ခြေသို့ချပြရေးဆွဲသည့်ပုံစံဖြင့် ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ အောက်ခြေမှဗဟိုသို့ အဆိုပြုတင်ပြ၍ ရေးဆွဲသည့် Bottom up ပုံစံကိုလည်း ပေါင်းစပ်ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပွင့်လင်းမြင်သာပြီး လူထုပါဝင်မှု တိုးမြှင့်ပေးရန်နှင့် ဒေသခံပြည်သူများမှ တင်ပြဆွေးနွေးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အချက်အလက်များကို ပြည်သူတို့ သိရှိနားလည်စေရန်တို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို နိုင်ငံတော်သမ္မတရုံးမှ ၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ

အမှတ်(၁၃/၂၀၁၆)ဖြင့် အသစ်ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများအနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ အတွင်းနေထိုင်ကြတဲ့ပြည်သူများရဲ့ လူမှုစီးပွားတိုးတက်ရေး၊ ဒေသရဲ့လိုအပ်ချက်နှင့်ကိုက်ညီတဲ့ စီမံကိန်းများဖြစ်ရေးတို့အတွက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ပြီး အဆင့်ဆင့်တင်ပြဆောင်ရွက်နိုင်ပါတယ်။

ထို့အပြင် မြို့နယ်များရှိ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှာလည်း ဒေသခံမြို့မိမြို့ဖတွေကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ ဖွဲ့စည်းထားသည့်အတွက် စီမံကိန်းရေးဆွဲရာမှာ မိမိတို့ဒေသရဲ့လိုအပ်ချက်များ၊ လိုလားချက်များကိုလည်း ထုတ်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီရဲ့လုပ်ငန်းတာဝန်များမှာ ပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုတဲ့ ဒေသအလိုက် ဦးစားပေး စီမံကိန်းများနှင့် ဆောင်ရွက်ရမည့် ဆီလျော်တဲ့လုပ်ငန်းများအတွက် အစီအမံများ ထည့်သွင်းဆောင်ရွက်ရန်လို့ ကျွန်တော်တို့ ထည့်သွင်းသတ်မှတ်ပေးထားပါတယ်။ အမျိုးသားစီမံကိန်းရေးဆွဲရာမှာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်တဲ့ လူသားအရင်းအမြစ်၊ ငွေကြေးအပါအဝင်ကုန်ထုတ်စွမ်းအားစုများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ဦးစားပေးကဏ္ဍ၊ ဦးစားပေးဒေသနှင့် ဦးစားပေးအစီအစဉ်များကို နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ယခင်အစိုးရလက်ထက်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့်အညီ စီမံဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် စီမံကိန်းများရေးဆွဲသည့်အခါ ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပြီး ၎င်းတို့ရဲ့ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြသော ဒေသခံပြည်သူများမှ တင်ပြဆွေးနွေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ့်အချက်အလက်များကို အများပြည်သူများ သိရှိအောင်ထုတ်ပြန်နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာမြို့နယ်အဆင့်အထိ ကော်မတီများသို့ ညွှန်ကြားနိုင်ရန်ကိုလည်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ချင်းပြည်နယ်တွင် မြို့နယ်(၉)မြို့နယ်၊ မြို့(၆)မြို့ရှိရာ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၀၀၀၀ အား ခွဲဝေလျာထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရှေလျှန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီရှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည် တော်များ အားလုံး မင်္ဂလာပါလို့ ကျွန်မ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ် ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရှေလျှန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်း ချင်တဲ့မေးခွန်းကတော့ ချင်းပြည်နယ် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စု ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၀၀၀၀ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ချင်းပြည်နယ်ဟာ မြန်မာ နိုင်ငံအနောက်ဘက်တွင်တည်ရှိ၍ ခရိုင်သုံးခု၊ မြို့နယ်ကိုးမြို့နယ်နှင့် မြို့ခြောက်မြို့နှင့်ဖွဲ့စည်းထား ပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ လူဦးရေ ၅၇၀၇၆၀ ခန့်ရှိပြီး မြို့နယ်လူဦးရေသည် ပြည်နယ်လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများအပြင် သက်ဆိုင်ရာ INGO၊ NGO များမှ အလေးထားဆောင်ရွက်နေပါတယ်။ မြို့ပြဖွံ့ဖြိုးရေးအတွက် စည်ပင်သာယာရေး အဖွဲ့ကသာ ဆောင်ရွက်လျက်ရှိပါတယ်။ ဤကဲ့သို့ စည်ပင်သာယာရေးအဖွဲ့ဖြင့်ဆောင်ရွက်ရာတွင် ချင်းပြည်နယ်ရှိမြို့များသည် တောင်ပေါ်တွင် တည်ရှိခြင်း၊ မြေပြင်ညီညာပြန့်ပြူးမှုမရှိခြင်း၊ ချိုင့်ဝှမ်း ရေစီးကြောင်းများ စီးဆင်းမှုများပြားခြင်း၊ တောင်ကုန်းချိုင့်ဝှမ်းများဖြစ်နေခြင်းကြောင့် ပြုပြင် ထိန်းသိမ်းရန် အခက်အခဲများစွာရှိနေပါတယ်။ ချင်းပြည်နယ် မြို့ပြနေပြည်သူလူထုသည် အလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲနွမ်းပါးကြခြင်းကြောင့် မိမိ၏ ဝင်ငွေဖြင့်ရပ်တည် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွင် ပြည်နယ်ဘတ်ဂျက်ဖြင့် ကျပ်သန်း ၃၇၂၂.၇၇ ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တွင်

ကျပ်သန်း ၂၈၅၅.၂၄ ရရှိခဲ့ရာ မြို့ပြတည်ဆောက်ရေးလုပ်ငန်းထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးပြည်နယ်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ အထူးဆောင်ရွက်ပေးနေကဲ့သို့ မြို့ပြဖွံ့ဖြိုးရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးသင့်ပါကြောင်း ကျွန်မတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်၏ မြို့ပြလမ်းတံတားတည်ဆောက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် အခြားစည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့အဆင့်ဆင့်အား ပြည်ထောင်စု ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၀၀၀၀ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်း မေးမြန်းသည့် ချင်းပြည်နယ်တွင် မြို့နယ် ကိုးမြို့နယ်၊ မြို့ ခြောက်မြို့ရှိရာ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၀၀၀၀ ခွဲဝေလျာထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ စည်ပင်သာယာရေးအဖွဲ့အပါအဝင် ဌာန/အဖွဲ့အစည်း ၂၂ ဖွဲ့ပါရှိတဲ့အပြင် ပြည်နယ်အစိုးရအဖွဲ့မှာလည်း နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကုန်းမြင့်လယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန လေးခုတို့ရဲ့ အသုံးစရိတ်တွေလည်း ပါဝင်ပါတယ်။ စုစုပေါင်းဌာန ၂၆ ခုရဲ့ရငွေနှင့် အသုံးစရိတ်များကို ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ထည့်သွင်းရေးဆွဲခြင်းဖြစ်ပါတယ်။ ဌာနအဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြုတင်ပြတဲ့

ရငွေ၊ သုံးငွေနှင့်လိုငွေပေါ်ပေါက်မှုများကို စုစည်းရေးဆွဲပြီး ယခင်နှစ်စာရင်းများနှင့်ပါ နှိုင်းယှဉ်၍ စိစစ်ရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။

မြို့နယ်အလိုက် စည်ပင်သာယာရေးအဖွဲ့များရဲ့ ဆောင်ရွက်မည့်လုပ်ငန်းတွေကို ရွေးချယ်ပြီး ခန့်မှန်းခြေစာရင်းတွေ တွက်ချက်ပြုစုခြင်း၊ ရွေးချယ်ထားတဲ့ လုပ်ငန်းများကို နှစ်အလိုက်လျာထား သတ်မှတ်ခြင်း၊ ဦးစားပေးအဆင့်သတ်မှတ်ခြင်းလုပ်ငန်းတွေကို ဘဏ္ဍာနှစ်အလိုက် ငါးနှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲခြင်း၊ လာမည့်ဘဏ္ဍာနှစ်ရဲ့ စီမံကိန်းဥပဒေမှာပါဝင်နိုင်ရန်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်အဆိုပြုချက်မှာ ထည့်သွင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ အဓိက အားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကိုသာ အဆိုပြုတင်ပြရခြင်း ဖြစ်ပါ တယ်။ ချင်းပြည်နယ်ရဲ့ ဒေသန္တရစီမံကိန်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် စီမံကိန်းရည်မှန်း အဆိုပြုချက်များကိုနှစ်စဉ်ရေးဆွဲတင်ပြလျက်ရှိရာမှာ အဆိုပြုချက်များရေးဆွဲတဲ့အခါ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ မိမိတို့ဆောင်ရွက်လိုတဲ့ လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ထည့်သွင်းရေးဆွဲတင်ပြရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေ ဖြင့် ဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ ရေးဆွဲသည့်အခါ ထည့်သွင်းရေးဆွဲ တင်ပြရန်လိုအပ်မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ) အပိုဒ်(၁)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကိုသင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ အထက်ပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ်များက တင်ပြလာတဲ့ လိုငွေအပေါ်မူတည်၍ ပြည်ထောင်စုက ထောက်ပံ့ ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစပြီးတော့ နှစ်လတ်ဘဏ္ဍာရေးမူဘောင် ရေးဆွဲပြီးတဲ့ နောက်မှာတော့ ညွှန်ကိန်းများအသုံးပြုပြီးတော့လိုငွေကို ဖြည့်ဆည်းလာတာဖြစ်ပါတယ်။ ချင်းပြည်နယ် ရဲ့လိုငွေအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုက ၁၂၂.၂၅၂ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၁၃၀.၇၃၉ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရာခိုင်နှုန်းအားဖြင့် ၁၀၆.၉ ရာခိုင်နှုန်း တိုးတက်ဖြည့်ဆည်း ပေးခဲ့ပါတယ်။

**မူကြမ်း**

ထို့အပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွင်း နိုင်ငံတော်အစိုးရမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ၃၃ ဘီလီယံကိုလည်း တစ်မြို့နယ်ကို ကျပ်သန်း ၁၀၀ နှုန်းနဲ့ ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်ရဲ့ ရငွေဟာကျပ် ၁.၇၁၂ ဘီလီယံသာဖြစ်ပြီး၊ သုံးငွေမှာ ကျပ်၁၃၂.၄၅၁ ဘီလီယံဖြစ်၍ လိုငွေကျပ် ၁၃၀.၇၃၉ ဘီလီယံကို ပြည်ထောင်စုက ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအမံအတွင်းမှာ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သင့်လျော်သလိုသုံးစွဲရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့အပါအဝင်များအတွက် ရငွေနှင့်အသုံးစရိတ် လျာထားမှု တွေကို ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပြီးလျာထား ရခြင်းဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ဟာ ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် စည်ပင်သာယာရေးအဖွဲ့ရဲ့ အသုံးစရိတ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက်ခွဲဝေချထား၍မရပါ။ ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်မှသာ ကျခံသုံးစွဲရမည်ဖြစ်ပြီး လိုငွေကို ပြည်ထောင်စု ကထောက်ပံ့ပေးရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၉၂.၈၁၃ ဘီလီယံနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ ၁၀၂.၅၃၂ ဘီလီယံ လျာထားသည်ကိုတွေ့ရှိရပါတယ်။ ထို့ပြင် ပြည်ထောင်စုဘတ်ဂျက်မှာလည်းပဲ ချင်းပြည်နယ်အတွင်းမှာ မြို့ပြ၊ လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားတဲ့အသုံးစရိတ်များမှာလည်း ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ချင်းပြည်နယ်နှင့်သက်ဆိုင်တဲ့ အသုံးစရိတ် လျာထားချက်များကိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြလာသည့်အခါမှာ ကျွန်တော်တို့စိစစ်နိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများကို ခွဲဝေသုံးစွဲရာမှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အားလုံးတို့အတွက် ထည့်သွင်းစဉ်းစားရခြင်းဖြစ်သဖြင့် ချင်းပြည်နယ်မြို့ပြ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ မည်မျှ ခွဲဝေလျာထားပေးမည်ကို ကြိုတင်သတ်မှတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**နိုင်ငံတော်အစိုးရ၏ လုပ်ငန်းလေလံတင်ဒါများခေါ်ယူရာတွင် အခြေခံမူနှင့်အခြေခံစံသတ်မှတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ တင်ဒါလုပ်ငန်းများထဲမှ တည်ဆောက်မှုဆိုင်ရာ တင်ဒါလုပ်ငန်းများနှင့်ပတ်သက်ပြီး အဓိကထားမေးမြန်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စီမံကိန်းတွေအကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတင်ဒါတွေကို ချမှတ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ချမှတ်ထားသော တင်ဒါ စည်းမျဉ်း၊ စည်းကမ်းတွေသည် ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအလိုက် သော်လည်းကောင်း၊ ဌာနတစ်ခုချင်းစီအလိုက်သော်လည်းကောင်း တစ်ခုနှင့်တစ်ခုတူညီမှုမရှိဘဲနဲ့ တစ်မျိုးစီကွဲပြားနေတာကို တွေ့ရပါတယ်။ ယခင်အစိုးရလက်ထက် နိုင်ငံတော်သမ္မတရုံးကနေထုတ်ပြန်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရေးဆောင်ရွက်ရာတွင် အစိုးရဌာနအဖွဲ့အစည်းများ လိုက်နာရမည့် တင်ဒါစည်းကမ်းချက်များဆိုတဲ့ ထုတ်ပြန်ချက်ရယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနတွေ ပူးပေါင်းဆွေးနွေးပြီးတော့မှ ထုတ်ပြန်ထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ အစရှိတဲ့ ထုတ်ပြန်ချက်တွေမှာ ယေဘုယျသဘောဆန်တဲ့ထုတ်ပြချက်တွေကိုပဲ တွေ့ရှိရပြီးသွားတော့မှ အဲဒီစည်းမျဉ်းစည်းဘောင် အနည်းအကျဉ်းကိုတောင်မှ အချို့သောဌာနတွေရဲ့ တင်ဒါစည်းကမ်းတွေက ကျော်လွန်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဥပမာ အချို့သောဌာနများက တင်ဒါလုပ်ငန်းတွေကို စတင်ခေါ်တဲ့အချိန်မှာ၊ အာမခံစပေါ်ငွေတောင်းတဲ့အချိန်မှာ လုပ်ငန်းတန်ဖိုးရဲ့ တစ်ရာခိုင်နှုန်းကို သက်ဆိုင်ရာဘဏ္ဍာရေးဌာန သို့ပေးသွင်းရမည်ဆိုတဲ့အချက်ကို ကျော်လွန်ပြီးတော့ တောင်းခံတာတွေလည်း တွေ့ရှိရသလို ငွေကြေးကိန်းဂဏန်းတစ်ခုအနေနဲ့ သတ်မှတ်ပြီးတော့ တောင်းခံတာတွေလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီမှာဆိုလို့ရှိရင် အာမခံကြေးကို ကျပ်သိန်း ၃၀ တောင်းခံထားတာဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် ကျပ်သိန်း ၅၀ တောင်းခံထားတာ ဖြစ်ပါတယ်။ ဒီဟာမှာဆိုရင်တော့ တင်ဒါအာမခံကြေးတစ်ရာခိုင်နှုန်းအပြင် လုပ်ငန်းတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းထပ်ပြီးတော့ အပိုဆောင်းတောင်းထားတာတွေ တွေ့ရပါတယ်။ အခုလို အာမခံကြေးတွေ အလွန်အကျွံတောင်းနေခြင်းဟာ လုပ်ငန်းရှင်ငယ်တွေအတွက် များစွာဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ လုပ်ငန်းငယ်သမားတွေအတွက် ပိုမိုခက်ခဲစေတဲ့ ကန့်သတ်ချက်တွေကို ချမှတ်ထားတဲ့ တင်ဒါစည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း ကျွန်တော်တို့ တွေ့နိုင်ပါသေးတယ်။ ကုမ္ပဏီသက်တမ်းသုံးနှစ်မပြည့်သေးဘူး ဆိုလို့ရှိရင် တင်ဒါစပေါ်ငွေရဲ့ ၁၀ ဆကို တောင်းခံထားတာဖြစ်ပါတယ်။ ကုမ္ပဏီငယ်တွေ၊ ကုမ္ပဏီ အသစ်တွေဆိုတာ ကုမ္ပဏီအကြီးတွေ၊ အဟောင်းတွေထက် ကုန်ကျစရိတ်တွေမှာ ပိုပါတယ်။ လုပ်ငန်း အတွက် လိုအပ်တဲ့စက်ပစ္စည်း၊ ယန္တရား၊ လူအင်အား အစရှိသဖြင့် ထပ်ဆောင်းကုန်ကျစရိတ်တွေ များပါတယ်။ အဲဒီထဲကမှ ကုမ္ပဏီအသစ်မို့လို့ အာမခံကြေးကို ပိုပြီးတောင်းမယ်ဆိုလို့ရှိရင်တော့ လုပ်ငန်းရှင်ငယ်တွေ၊ လုပ်ငန်းရှင်အသစ်တွေကို ဝင်မလာနဲ့တော့လို့ တစ်ခါတည်းငြင်းပယ်လိုက်သလို ပါပဲ။ ဒီမှာဆိုလို့ရှိရင်တော့ သက်ဆိုင်ရာနေရာမှာ လုပ်ကိုင်ဆောင်ရွက်ဖူးတဲ့ ကုမ္ပဏီတွေကို ရွေးချယ် မယ်။ သက်ဆိုင်ရာဌာနတွေနဲ့ တင်ဒါလုပ်ငန်းဆောင်ရွက်ဖူးတဲ့ ကုမ္ပဏီကို ဦးစားပေးမယ်ဆိုတာ ကတော့ ကောင်းကောင်းမကောင်းကောင်း အဟောင်းကိုပဲသုံးမယ်ဆိုတဲ့ မူဝါဒလို့ပဲ ဝေဖန်ချင်ပါ တယ်။ နောက်ပြီးတော့ ကုန်ပစ္စည်းတွေဝယ်ယူရာမှာလည်း ကန့်သတ်မှုတွေပြုလုပ်ထားတဲ့အချက်တွေ ကို အခုလိုမျိုးတွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးပစ္စည်းတွေကို ပေးသွင်းခြင်းနေရာမှာလည်း နှစ်ဦးနှစ် ဖက်ညှိနှိုင်းဆောင်ရွက်ရမယ်ဆိုတာကတော့ ဝယ်ယူရမယ့်ဆိုင်တွေကို ကန့်သတ်လိုက်သလိုပါပဲ။ ဒါ့အပြင် ဌာနအတော်များများရဲ့ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်တွေမှာ မည်သည့်အကျိုးအကြောင်း ဖော်ပြချက်မျှမပြဘဲ ငြင်းပယ်သည်ကို လက်ခံရမည်ဆိုတဲ့ ဒီမိုကရေစီနည်းလမ်းမကျတဲ့ တစ်ဖက် စောင်းနင်းသတ်မှတ်ချက်တွေပါရှိတာကိုလည်း တွေ့ရှိရပါတယ်။ တင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကို ဖြစ်စေ အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမရှိဘဲ ပယ်ဖျက်ပိုင်ခွင့်ရှိတယ်ဆိုတဲ့အချက်ပါ။ ဌာနရဲ့ အကျိုးကိုရှေးရှုပြီးသွားတော့မှ အကျိုးအကြောင်းမဖော်ပြဘဲနဲ့ ငြင်းပယ်တယ်ဆိုရင် လက်ခံသဘော တူရမယ်ဆိုတဲ့အချက်တွေပါ။ အခုလို ဌာနတစ်ခုနှင့်တစ်ခု မတူညီတဲ့ စည်းမျဉ်းတွေကြောင့်မို့လို့ တင်ဒါ ခေါ်ယူသူနဲ့ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူတွေရဲ့ကြားမှာ မလိုလားအပ်တဲ့ လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။ တင်ဒါရွေးချယ်ရာမှာလည်း အမှတ်ပေးဆုံးဖြတ်တယ်ဆိုသော်ငြားလည်း

အမှတ်ပေးစည်းမျဉ်းတွေဟာ ဝန်ကြီးဌာနတွေအားလုံးအတွက် တစ်ညီတစ်ညွတ်တည်း တစ်ပြေးညီ ရေးဆွဲထားတာမဟုတ်တဲ့အတွက် တင်ဒါအောင်စေလိုတဲ့ အဖွဲ့အစည်းတွေအတွက်များ ညှိနှိုင်းရေးဆွဲထားသလားလို့ထင်ရလောက်အောင်ကို ဂိုးမဝင်တဲ့အတွက်ကြောင့်မို့လို့ ဂိုးတိုင်ရွှေ့ပေးနေတဲ့သဘောမျိုးတွေ တွေ့ရှိနေရပါတယ်။ တင်ဒါရွေးချယ်မှုဆိုတဲ့နေရာမှာ လူအများရှေ့မှာ Projector နဲ့ ထိုးပြရုံပင်လျှင် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်နေပြီလို့ မဆိုနိုင်ပါဘူး။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းတင်ဒါများကိုခေါ်ယူရာမှာ ထူးခြားတဲ့စီမံကိန်းတွေကလွဲလို့ ဝန်ကြီးဌာနအားလုံးအတွက် တူညီတဲ့အခြေခံမူ၊ အခြေခံစံသတ်မှတ်ချက်များနှင့် ရွေးချယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များကို ပြည်ထောင်စုအစိုးရမှ သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်မေးမြန်းတဲ့ နိုင်ငံတော်အစိုးရရဲ့ အစိုးရလေလံတင်ဒါများ ခေါ်ယူရာမှာ အခြေခံမူနဲ့အခြေခံစံသတ်မှတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အစိုးရရဲ့ပစ္စည်းဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုရှိရေးကိုရည်ရွယ်ပြီးတော့ ချိတ်ပိတ်တင်ဒါစနစ်(Close Bidding)မှသည် အိတ်ဖွင့်တင်ဒါစနစ်(Open Bidding)သို့ ပြောင်းလဲဆောင်ရွက်ကြရန် အစိုးရဌာနအဖွဲ့အစည်းအသီးသီးကို နိုင်ငံတော်သမ္မတရုံးက ၂-၆-၂၀၁၁ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၆၉(၁)/၆/သမ္မတရုံးဖြင့် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဌာနအဖွဲ့အစည်းများရဲ့ အစိုးရပစ္စည်းဝယ်ယူမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုပိုမိုရရှိစေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၅-၄-၂၀၁၃၊ ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)နဲ့ ရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကို ထုတ်ပြန်၍ လိုက်နာဆောင်ရွက်ရန် ထပ်မံညွှန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာနအသီးသီးတို့ဟာ ပစ္စည်းဝယ်ယူမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်သမ္မတရုံးရဲ့ အထက်ပါညွှန်ကြားချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါကို နေ့စဉ်ထုတ်သတင်းစာများ၊ ဝန်ကြီးဌာန Website များမှာ ကြော်ငြာထည့်သွင်းပြီးတော့ ခေါ်ယူကြပါတယ်။ တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာလည်း အောက်ပါကော်မတီများကို ဖွဲ့စည်းပြီး ဆောင်ရွက်ပါတယ်-

(က) တင်ဒါခေါ်ယူရေးကော်မတီ၊

(ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊

(ဂ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊

(ဃ) အရည်အသွေးစစ်ဆေးရေးကော်မတီတို့ဖြစ်ပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းများဆောင်ရွက်ရာမှာ တစ်ပြေးညီဖြစ်စေဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ်နဲ့ ဦးစီးပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း၊ စည်းကမ်းတွေကို ဝန်ကြီးဌာနအားလုံးနဲ့ ၇-၁၁-၂၀၁၃ မှာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီးတော့ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၈-၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃၁/၂၅၂ ဖြင့် ထုတ်ပြန်ထားပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့လည်း အထက်ပါလမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများအနေနဲ့ အထက်ပါညွှန်ကြားချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း၊ ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြသဖြင့် ပွင့်လင်းမြင်သာမှု၊ ပစ္စည်းများရဲ့ဈေးနှုန်းနှင့် အရည်အသွေးများ ပိုမိုကောင်းမွန်လာစေတဲ့အကျိုးကျေးဇူးများကိုလည်း ရရှိခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဌာနအစိုးရများအနေနဲ့ တင်ဒါမှာ မျှတတဲ့ပြိုင်ဆိုင်မှုဖြစ်စေရန်နှင့် ခိုင်မာမှုမရှိတဲ့ကုမ္ပဏီများ မဝင်ရောက်စေရန်တို့အတွက် တင်ဒါစပေါ်ငွေများကို လက်ခံပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ

နှင့်ဆက်စပ်တဲ့ ကြွေးမြီအပ်ငွေစာရင်းမှာ ခေတ္တထည့်သွင်းပြီး တင်ဒါဖွင့်ပွဲပြီးတဲ့အချိန်မှာ တင်ဒါမအောင်မြင်တဲ့ကုမ္ပဏီများကို ပြန်လည်ထုတ်ပေးခြင်းကို ဆောင်ရွက်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မိမိရဲ့လုပ်ငန်းပမာဏအပေါ်မှာမူတည်ပြီး သင့်တော်တဲ့ရာခိုင်နှုန်း သတ်မှတ်ဆောင်ရွက်ကြရပါတယ်။ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းတန်ဖိုးရဲ့ ၅ ရာခိုင်နှုန်းနှင့် ပစ္စည်းဝယ်ယူရေးအတွက် လုပ်ငန်းတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကို Performance Guarantee အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုတဲ့ဘဏ်တစ်ခုခုမှာ ရယူပြီးတော့ သက်ဆိုင်ရာဌာနကို တင်သွင်းစေခြင်းတို့အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၄-၆-၂၀၁၅ ရက်နေ့မှာ ညွှန်ကြားချက်ထုတ်ပြန်ပေးထားပါတယ်။ အစိုးရဌာနအသီးသီးက တင်ဒါအောင်မြင်သူတွေနဲ့ ချုပ်ဆိုတဲ့နေရာမှာလည်း Work Schedule အရ သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်စေခြင်း၊ မဆောင်ရွက်နိုင်ပါက တာဝန်ယူမှုအပိုင်းကို တိကျစွာသတ်မှတ်ဖော်ပြခြင်း၊ လုပ်ငန်းအတွက်ငွေချေစနစ်ကိုလည်း နှစ်ဖက်လက်ခံနိုင်မယ့်အချိန်ကို ကတိကဝတ်ပြုပြီးတော့ အချိန်ဇယားဖြင့် ဆောင်ရွက်စေခြင်း၊ နိုင်ငံတော်ကသတ်မှတ်ပြဋ္ဌာန်းတဲ့ အကောက်ခွန်နှင့်အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမယ့်အခွန်တွေကိုလည်း တစ်ပါတည်းပေးဆောင်စေခြင်း၊ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများအနေနဲ့ တစ်ဆင့်ခံကန်ထရိုက် (Sub Contract) ထပ်မံလွှဲပြောင်းမှုမပြုစေရန် ကတိပြုစေခြင်း စသည်တို့အပြင် ဝန်ကြီးဌာနများရဲ့ လုပ်ငန်းသဘောသဘာဝအလိုက် သတ်မှတ်ထားတဲ့စည်းကမ်းချက်များကိုလည်း ထည့်သွင်းသတ်မှတ်ဆောင်ရွက်စေခဲ့ပါတယ်။ ပစ္စည်းပေးသွင်းပြီး သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးပါက တာဝန်ယူတဲ့ကာလ၊ ပြင်ဆင်ထိန်းသိမ်းမှု ပျက်စီးပါက တာဝန်ယူမှု သတ်မှတ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြပါတယ်။ လုပ်ငန်းပြီးစီးလို့ရှိရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရဲ့ စာရင်းစစ်ဆေးမှုကို ခံယူစေခြင်းဖြင့် တာဝန်ယူမှုနှင့် တာဝန်ခံမှုကို ရှိစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပစ္စည်းဝယ်ယူမှုနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံမှာတော့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြည့်စုံစွာမရှိသေးပါ။ နိုင်ငံတကာအဆင့်မီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခင်အစိုးရလက်ထက်မှာ ၁၀-၃-၂၀၁၅ ရက်နေ့မှာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေး ကြီးကြပ်ရေးကော်မတီကို

**မူကြမ်း**

ဖွဲ့စည်းခဲ့ပြီးတော့ ၎င်းကော်မတီရဲ့အောက်မှာ ထပ်ဆင့်ပြီးကော်မတီများဖွဲ့စည်းပြီးဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာလည်း ပစ္စည်းဝယ်ယူမှုစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေးကော်မတီကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုရန်တင်ပြခဲ့ရာမှာ ၂၂-၇-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၈/၂၀၁၆)မှ သဘောတူခွင့်ပြုထားပြီးဖြစ်ပါတယ်။

ဒီကြီးကြပ်မှုကော်မတီအနေနဲ့ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြားမှာ ပစ္စည်းဝယ်ယူမှုများ တစ်ပြေးညီဖြစ်ဖို့ နိုင်ငံတကာ စံချိန်မီတင်ဒါပုံစံများ သတ်မှတ်ဖို့နဲ့ ပစ္စည်းဝယ်ယူမှုဥပဒေရေးဆွဲရေးကိုပါ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယင်းသို့ ဆောင်ရွက်စဉ်အတွင်း မိမိတို့ထုတ်ပြန်ထားတဲ့ တင်ဒါဆိုင်ရာညွှန်ကြားချက်များကိုလည်း ပြန်လည်သုံးသပ်ပြီး ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာဟာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ပတ်သက်လာလို့ရှိရင် ဘတ်ဂျက်တွေမှာ ကျွန်တော်တို့ မဖြတ်တောက်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေအကျိုးရှိစေချင်လို့ပါ။ ဒါပေမဲ့ အခုလုပ်ငန်းတင်ဒါကိစ္စရပ်တွေမှာ ကျွန်တော်တို့တွေ လေ့လာစုံစမ်းကြည့်တဲ့အခါမှာကျတော့ လွှတ်တော်ကြီးကနေပြီးတော့ မဖြတ်တောက်လိုက်ပေမယ့် ပြည်သူတွေရဲ့အမှန်တကယ်အကျိုးရှိမှုကို တိုင်းတာတဲ့နေရာမှာတော့ ရေစစ်နဲ့အဆင့်ဆင့်စစ်ချလိုက်သလို၊ ဇကာနှင့်ဇလုတ်တိုက်ချလိုက်သလို အကြွင်းအကျန်လေးတွေကိုပဲ ပြည်သူတွေရဲ့လက်ထဲမှာ အကျိုးခံစားခွင့်ရနေတာတွေ တွေ့ရပါတယ်။ အဲဒီဟာတွေရဲ့ အဓိကအချက်ကိုလည်း ထပ်မံလေ့လာကြည့်တဲ့အခါမှာတော့ တင်ဒါတင်တဲ့ကိစ္စရပ်တွေ၊ တင်ဒါရွေးချယ်မှုကိစ္စရပ်တွေမှာ မရိုးသားမှုတွေ အနည်းငယ်တွေ့ရှိနေရတယ်ဆိုတဲ့ဟာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့မေးမြန်းချင်တာကတော့ ဒီမေးမြန်းချင်တာကိုမပြောခင်မှာ ခုနက ဝန်ကြီးကနေဖြေသွားပါတယ်။ Bank Guarantee ကို တင်ဒါတွေကနေပြီးတော့၊ ကော်မတီတွေက နေပြီးတော့ လက်ခံတယ်လို့ပြောပေမဲ့ လက်တွေ့မှာတော့ Bank Guarantee ကိုလက်မခံဘဲနဲ့ PG ကို ငွေသားနဲ့ပဲလက်ခံနေတဲ့ ကော်မတီတွေလည်းအများအပြားရှိနေပါသေးတယ်။ ၂၄-၆-

၂၀၁၅ ရက်နေ့မှာ ဒီ Bank Guarantee လက်ခံဖို့ဆိုတာ ညွှန်ကြားချက်ထုတ်ထားတယ် ဆိုသော်ငြားလည်း ဒီညွှန်ကြားချက်ကို အပြင်မှာ၊ လက်တွေ့မှာ မလိုက်နာသေးတဲ့အချက်တွေလည်း ရှိပါတယ်။ ခုနက ကျွန်တော် ပထမဦးဆုံးက ဆွေးနွေးသွားတဲ့အထဲမှာလည်းပါပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနတွေညှိနှိုင်းဆွေးနွေးသွားတဲ့ ဒီအခြေခံအချက်လေးတွေ။ ဒီအချက်လေး တွေတောင်မှ မလိုက်နာသေးသော အခြားအခြားသောဝန်ကြီးဌာနတွေလည်း ရှိနေသေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဆက်စပ်ပြီးတော့ မေးမြန်းလိုတာကတော့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ အခြား ဝန်ကြီးဌာန တွေညှိနှိုင်းဆွေးနွေးပြီးတော့ ထုတ်ပြန်ခဲ့တဲ့လုပ်ငန်းလမ်းညွှန်နဲ့ ရည်ရွယ်ချက်မှာပါတဲ့ အတိုင်း တင်ဒါခေါ်ယူပြီးတော့ စာချုပ်ချုပ်ဆိုရာမှာ လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေ များပြဋ္ဌာန်းနိုင်ရေး ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းဖို့အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါ တယ်ဆိုလို့ရှိရင်လည်း ဥပဒေကြမ်းရေးဆွဲနေမှုအခြေအနေကို သိရှိလိုပါသဖြင့် တစ်ဆက်တစ်စပ် တည်းမေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ဘတ်ဂျက်ကိုအကောင်အထည်ဖော်တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ အရအသုံးဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ကြပါ တယ်ခင်ဗျား။ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက နှစ်ဝက်၊ နှစ်ကုန်စသည်ဖြင့်စစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာ ဒီထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်များကို ကိုင်ပြီးတော့မှ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိ စစ်ဆေးပြီးတော့ စစ်ဆေးမှု မရှိတဲ့ဌာနများဆိုရင် စာရင်းစစ်ရဲ့ ကန့်ကွက်ချက်၊ စာရင်းစစ်ကို ပြန်လည်ရှင်းလင်းဖြေကြားမှု စသဖြင့် ဒါတွေကိုလည်း တင်ပြရပါတယ်။ ဒီတွေ့ရှိချက်တွေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ဆီကို တင်ပြရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်း သတ်မှတ်ချိန်နှင့်အညီ ပြည်ထောင်စု လွှတ်တော်ကို ကျွန်တော်တို့ပေးပို့တင်ပြပြီးတော့မှ တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှိစေအောင်ဆောင်ရွက် လျက်ရှိပါတယ်။ ဒီ တင်ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာ ဆောင်ရွက်ကြတဲ့ အခါမှာ ဌာနတစ်ခုနဲ့တစ်ခု မတူညီမှုတွေ၊ ဌာနတစ်ခုနဲ့တစ်ခု အားနည်းချက် အားသာချက်တွေဟာ လည်း ရှိနိုင်ပါတယ်။ ဒီအတွက်ကို ကျွန်တော်တို့ အားလုံးတစ်ပြေးညီဖြစ်ဖို့ကတော့ ဌာနတစ်ခုနဲ့တစ်ခု

သဘောသဘာဝ တည်ဆောက်ရေးသဘောသဘာဝ၊ ဝယ်ယူရေးသဘောသဘာဝ မတူတဲ့ဟာတွေလည်း ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ကျွမ်းကျင်သူများနဲ့ တိုင်ပင်ပြီးတော့မှ တကယ်လို့ ဥပဒေအဆင့်အထိရေးဆွဲဖို့ လိုအပ်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဥပဒေရေးဆွဲဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်ထုတ်ပြန်ပြီးတော့ ဆောင်ရွက်ဖို့ ထပ်မံထုတ်ပြန်ပြီးတော့ ဆောင်ရွက်ဖို့လိုအပ်တဲ့ကိစ္စဆိုလို့ရှိရင်လည်း ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း စသဖြင့် ဒါကိုထည့်ပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်စောစောကတင်ပြတဲ့ ပစ္စည်းဝယ်ယူမှုကတော့ ပစ္စည်းဝယ်ယူမှုဥပဒေရေးဆွဲဖို့ အဆင့်အထိ ဆောင်ရွက်ရန်အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့အခုဆွေးနွေးတဲ့အခါမှာ တင်ဒါစည်းမျဉ်းစည်းကမ်းတွေမလိုက်နာလို့ ဥပဒေ၊ နည်းပဒေတွေ ပြဋ္ဌာန်းဖို့ရှိ/မရှိ မေးခွန်းရှင်က ဆွေးနွေးသွားပါတယ်။ အဲဒီတော့ တင်ဒါ စည်းမျဉ်းစည်းကမ်းတွေ မလိုက်နာတာလည်းရှိမယ်။ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းပြီးလည်း ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းပြီးတော့ ဥပဒေ၊ နည်းဥပဒေ လက်ရှိတည်ဆဲဖြစ်နေပါလျက်နဲ့ မလိုက်နာတာတွေလည်းရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေကို ကျွန်တော်အမြဲပြောပါတယ်။ Cases တစ်ခုချင်းကို တိတိကျကျ ပိုင်ပိုင်နိုင်နိုင်လေးနဲ့ အထောက်အထားခိုင်ခိုင်လုံလုံမှန်မှန်ကန်ကန်လေးနဲ့ တိုင်ဖို့လိုတယ်။ ကျွန်တော်အမြဲပြောတယ်။ ဒီလိုဖော်ထုတ်ပြီး ကျွန်တော်တို့က ဒီလိုလုပ်မှဖြစ်မှာ။ ဆွေးနွေးတော့ ဆွေးနွေးနေကြတာပဲ။ ပြောတော့ပြောနေကြတာပဲ။ ပြီးလည်းပြီးသွားပြန်ရော။ အဲဒီတော့ ကိုယ်က ဒါတွေသိနေပြီ။ ဒါတွေဖြစ်နေပြီဆိုရင် ကိုယ့်ကိုယ်ပိုကအားထည့်ပါ။ အားစိုက်ပါ။ အမှုတည်ဆောက်တိုင်ပါ။ တိုင်တဲ့အခါ တိုင်တဲ့ဝန်ကြီးဌာနပဲဖြစ်ဖြစ်၊ တိုင်တဲ့သက်ဆိုင်ရာ အဖွဲ့အစည်းပဲဖြစ်ဖြစ် အရေးမယူဘူး၊ ဘာမှမလုပ်ဘူးဆိုရင် အရေးယူတဲ့အထိဖြစ်အောင် ဆက်လုပ်ရမယ်။ အခု ကျွန်တော်တို့မှာ ဘယ်လိုဖြစ်လဲဆိုတော့ ဖြစ်နေတာတွေကို ယေဘုယျဆွေးနွေးနေတယ်။ ပြောနေတယ်။ အဲဒီလိုလုပ်ကြပါဆိုတော့ ဘာတစ်ခုမှ မလုပ်ဘူး။ ဘာတစ်ခုမှ ဖြစ်မလာဘူး။ ကျွန်တော်တို့က ဖြစ်စေချင်တယ်။ ကိုယ်စားလှယ်တွေမှာ လုံးဝတာဝန်ရှိတယ်။ ဖော်ထုတ်၊ တိတိကျကျပြော၊ ကိုယ့်ဘက်ကလည်း မှန်မှန်ကန်ကန်ပြော၊ ချဲ့လည်းမပြောနဲ့၊ ချုံ့လည်းမပြောနဲ့၊ အပိုလည်းမပြောနဲ့၊ အလိုလည်းမပြောနဲ့ အရှိအတိုင်း မှန်မှန်ကန်ကန်လေးလုပ်ပေးဖို့လိုတယ်။ အဲဒါ ကျွန်တော်တို့ကိုယ်စားလှယ်တွေ နည်းနည်းလေး အားထည့်ကြပါ။ အားစိုက်ကြပါ။ ဒါကျွန်တော်

**မူကြမ်း**

အမြဲပြောပါတယ်။ ဆွေးနွေးရုံသက်သက်နဲ့၊ မေးမြန်းရုံသက်သက်နဲ့၊ အဆိုတင်ရုံသက်သက်နဲ့ ပြောပြီး ပြီးပြီး၊ ဆွေးနွေးပြီးပြီးပြီး။ ပြီးသွားလို့ကတော့ ဒုံရင်းဒုံရင်းပဲဖြစ်မှာပဲ အဲဒီတော့ ကျွန်တော်တို့ ကိုယ်စားလှယ်များကလည်း ကိုယ့်တာဝန်ကိုယ်ကျေအောင်လုပ်ကြပါ။ ကိုယ့်တာဝန်ကိုယ် ပြည်သူ ကပေးထားတဲ့ ကိုယ်စားလှယ်ဖြစ်တဲ့အခါကျတော့ ပြည်သူရဲ့ကိုယ်စား Mandate လုပ်ပိုင်ခွင့် အာဏာရထားတဲ့အခါကျတော့ အဲဒီလုပ်ပိုင်ခွင့်အာဏာ Mandate ကို မှန်မှန်ကန်ကန်နဲ့ စနစ်တကျ တရားမျှမျှတတ အသုံးချပြီးတော့ လုပ်ပေးကြဖို့တော့ ကြိုးစားပေးပါလို့ ကျွန်တော့်အနေနဲ့ ဒါကတော့ အားလုံးကို တိုက်တွန်းပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ သက်ဆိုင်ရာဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင်ပျက်စီးခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်၊ ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း ၈၅၂၀၀၀၀ ကို ပေးလှူကြရန် စီစဉ်ချင်ပါတယ်။ ထိုသို့ပေးလှူမှုကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များက တစ်ညီတစ်ညွတ်တည်းသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏နေ့တွက်စရိတ် တစ်ရက်စာစုစုပေါင်းကျပ် ၈၅၂၀၀၀၀ နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏လှူဒါန်းငွေမှ ကျပ် ၆၄၈၀၀၀၀ စုစုပေါင်းကျပ်သိန်း ၁၅၀ တိတိကို ရှေးဟောင်းအမွေအနှစ်ပုဂံဒေသ ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပေးလှူမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေဘာသာပြန်ကော်မရှင်

ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဦး(ရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ကျွန်တော် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ကို အဆိုတင်သွင်းမှာဖြစ်ပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၅/၂၀၁၅)နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေဘာသာပြန် ဥပဒေကော်မရှင်ကို ပြင်ဆင်တဲ့ဥပဒေဟာ ဥပဒေဘာသာပြန်ကော်မရှင် ဖွဲ့စည်းရာမှာ လိုအပ်သူများနဲ့ ကျစ်လျစ်စွာဖွဲ့စည်းနိုင်ဖို့ ပြင်ဆင်တာဖြစ်တဲ့အပြင် မူရင်းအင်္ဂလိပ် ဘာသာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် ရပ်နဲ့ မြန်မာဘာသာပြန်ဆို ထားတဲ့ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ ကွဲလွဲလို့ရှိရင် မြန်မာဘာသာပြန်ဆို ချက် အတည်ဖြစ် စေဖို့အတွက် ရှင်းလင်းစေရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေဘာသာ ပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်သွင်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တက်ရောက်လာကြ သောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

သို့

**ဥက္ကဋ္ဌ**

**ပြည်သူ့လွှတ်တော်**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၂-၈-၂၀၁၆ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက အောက်ဖော်ပြပါရည်ရွယ်ချက်များနှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ၉-၄-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅/၂၀၁၅ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ ဥပဒေဘာသာပြန် ကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ ၂၅-၁-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆ ဖြင့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ နှင့်အညီ ဖွဲ့စည်းခဲ့ခြင်း၊

(ခ) ဖွဲ့စည်းခဲ့သော ဥပဒေဘာသာပြန်ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းလိုသောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြင်ဆင်ရေးဆွဲထားခြင်း၊

(ဂ) ဥပဒေဘာသာပြန်ကော်မရှင်မှ အတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာရမည်ဟု အကျိုးအကြောင်းဖော်ပြထားခြင်း၊

(ဃ) မူရင်းအင်္ဂလိပ်ဘာသာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် မြန်မာဘာသာပြဋ္ဌာန်းချက်တစ်ရပ်ရပ်တို့ကွဲလွဲပါက မြန်မာဘာသာ ဥပဒေပြဋ္ဌာန်းချက်က အတည်ဖြစ်သည်ဟု အကျိုးအကြောင်းဖော်ပြထားခြင်း၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၉-၈-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်အရ ယင်းဥပဒေကြမ်းသည် ယခင်ဖွဲ့စည်းခဲ့သော ကော်မရှင်အဖွဲ့ဝင် ၁၈ ဦးရှိပြီး၊ ယခု ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့် ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးဖြစ်သည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လျင်မြန်ထိရောက်နိုင်မည့်အပြင် မူရင်းအင်္ဂလိပ်ဘာသာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် မြန်မာဘာသာပြဋ္ဌာန်းချက်တို့ကွဲလွဲပါက မြန်မာဘာသာဥပဒေပ ပြဋ္ဌာန်းချက်က အတည်ဖြစ်သည်ကိုလည်း တိကျစွာပြင်ဆင်ပြဋ္ဌာန်းထားကြောင်းကို လေ့လာစိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ သဘောတူရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း၊**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၉-၂၀၁၆ ရက်(ကြာသပတေးနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်က ဥက္ကဋ္ဌထံသို့စာဖြင့် ရေးသားလက်မှတ်ရေးထိုး တင်ပြလာ ပါတယ်။ အဆိုမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမယ့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြားသား သုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအားတိုက်တွန်းသည့်အရေးကြီးအဆိုဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များကို ရိုသေစွာဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုနက အရေးကြီးအဆိုကို တင်ဖို့ဖြစ်ပါတယ်။ ဦးစွာ အဆိုကို ကျွန်တော် ဖတ်ကြားပြပါ့မယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြား သားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီး ရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှတတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်း သင့်ပါကြောင်းဆိုတဲ့ အဆိုဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ အခုနကပြောတဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှာ နိုင်ငံခြားသားသုံးဦးပါဝင်နေတာနှင့် ပတ်သက်လို့ ပြည်သူတွေက စိုးရိမ်ကြောင့်ကြမှုတွေရှိလာပြီးတော့ တဖြည်းဖြည်းနဲ့ ကန့်ကွက်ပြောဆို သံတွေကြားလာရပါတယ်။ အဲဒါကြောင့် ပြည်သူ့အသံ လွှတ်တော်အသံဆိုတဲ့အတိုင်း ဒီနေရာမှာ ကျွန်တော် အရေးကြီးအဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အဆိုကို ကျွန်တော့်အား ရှင်းလင်းခွင့်ပြုပါ။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်တစ်ရပ်ကို အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ယင်းကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ဂါနာနိုင်ငံသား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ကို တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် အဆိုပါကော်မရှင် မှာ လက်ဘနွန်နိုင်ငံသား မစ္စတာဂါဆန်ဆလမ်၊ နယ်သာလန်နိုင်ငံသူ မစ္စ လက်တီတီရာ ဗန်ဒန်အာဆမ် တို့ကိုပါ အဖွဲ့ဝင်အဖြစ် ပါဝင်စေပြီး မြန်မာနိုင်ငံသားခြောက်ဦး စုစုပေါင်းကိုးဦး ပါဝင်မည်ဟုလည်း သိရှိရပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်းထုတ်ပြန်ချက်အရ အကြံပေးကော်မရှင်ကို ဖွဲ့စည်း ရခြင်း၏ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားတာ တွေ့ရပါတယ်။

ကော်မရှင်အနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်သူများနှင့်လည်းကောင်း၊ နိုင်ငံတကာကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ အရေးပါသည့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးပြီး အမြင်သဘောထားများကိုပါ ရယူရန်၊ ရခိုင်ဒေသရှိ ပြည်သူများ၏လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များရရှိရေး ဆောင်ရွက်ပေးရန်၊ ရခိုင်

ပြည်နယ်အတွင်း ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ အခွင့်အရေးနှင့် ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဆောက်အအုံတည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးစသည့် ကဏ္ဍများအတွက် လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းများ ပြုလုပ်ရန်ဖြစ်ကြောင်း လည်း ပါရှိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအချက်များကို ခြုံငုံသုံးသပ်ရပါက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံခြားအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များစသည့် နိုင်ငံတကာအကူအညီဖြင့်ဆောင်ရွက်လိုသည့်အတွက် ကော်မရှင်မှာ နိုင်ငံခြားသားများကို ဦးဆောင်ပါဝင်စေခြင်းဖြင့် ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခွင့်ပေးထားကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ထုတ်ပြန်ကြေညာချက်၌ ပြည်ပနိုင်ငံများတွင် ဒုက္ခသည် အဖြစ်ခံယူထားသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းအရာ အပါအဝင် နိုင်ငံတကာဆက်သွယ်မှုများကိုလည်း သုံးသပ်သွားမယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ အဲဒီလို နိုင်ငံတော်၌ ပြဿနာများကို ဖြေရှင်းရန် တခြားအခက်အခဲတွေ အများကြီးရှိနေတဲ့အချိန်မှာ နောက်ထပ်ပြဿနာကြီးတစ်ခု မီးမွှေးပေးလိုက်သကဲ့သို့ ဖြစ်နေပါတယ်ခင်ဗျား။ ရခိုင်ဒေသရဲ့ သမိုင်းကြောင်း၊ ပကတိအခြေအနေကို ထည်ထည်ဝင်ဝင်နားမလည်ဘဲနဲ့ နိုင်ငံတကာသတင်းမီဒီယာတွေကတစ်ဆင့် သတင်းအလွဲအမှားများကိုသာသိရှိပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပယောဂဝင်ပူးကပ်နေသူများဦးဆောင်တဲ့ကော်မရှင်ဟာ ပြည်တွင်းပြဿနာအား နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးခွင့်ရရှိသွားသဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာနိုင်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

မိမိနိုင်ငံ၏ပြဿနာများအား နိုင်ငံတကာရှေ့တွင်အထုပ်ဖြေပြပြီး ကူပါ၊ ကယ်ပါ အော်ဟစ်နေခြင်းသည် အိမ်တွင်းရေးကို ပြင်ပလူများဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် တံခါးဖွင့်ပေးလိုက်သည်နှင့်သာတူပါတယ်။ မိမိတို့၏ အစွမ်းအစအရည်အသွေးကို မယုံကြည်ရာလည်း ရောက်ပါတယ်။ ယခုအခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်၍ ရခိုင် ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်သလို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဖြင့်လည်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒေသအခြေအနေမှာ တည်ငြိမ်လျက်ရှိပြီးဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်

ဆက်လက် ဆောင်ရွက်သွားပါက မူလအခြေအနေသို့ မကြာမီပြန်ရောက်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်က ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ် ပဋိပက္ခအလွန် ဖွဲ့စည်းပေးခဲ့တဲ့ နိုင်ငံသား နိုင်ငံရေးသမားများ၊ တတ်သိပညာရှင်များ အများအပြားပါဝင်တဲ့ ရခိုင်ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ၂၄-၄-၂၀၁၃ ရက်နေ့တွင် တင်သွင်းတဲ့ အစီရင်ခံစာသည် ကျွန်တော်တို့အတွက် လွန်စွာတန်ဖိုးရှိပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါတယ်။ ရခိုင်ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်က တင်ပြတဲ့အစီရင်ခံစာဟာ လပေါင်းများစွာအချိန်ယူပြီး ခိုင်မာသောအချက်အလက်၊ အထောက်အထားများဖြင့် တင်ပြထားသောအစီရင်ခံစာဖြစ်ပါတယ်။ ယခင်အစိုးရအနေဖြင့် အစီရင်ခံစာပါအတိုင်း ဆောင်ရွက်မှုနှေးကွေးခဲ့သဖြင့်သာ သိသာထင်ရှားတဲ့ အကျိုးရလဒ်မရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ အစိုးရသစ်အနေဖြင့် ကော်မရှင်အသစ်ဖွဲ့စည်းရန်ပင်မလိုဘဲနဲ့ ယခင်ကော်မရှင်ရဲ့ အကြံပြုချက်များကိုသာ အကျိုးရှိအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်တယ်လို့ ကျွန်တော် အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို နိုင်ငံခြားသားတွေ ဦးစီးတဲ့ ကော်မရှင်ဟာ အကြံပေးရုံသက်သက်ပဲ ပေးတဲ့အကြံအားလုံးကို မိမိတို့အနေနဲ့ လက်ခံချင်မှ လက်ခံမယ်လို့ ပြောနိုင်ပေမယ့် မစ္စတာကိုဖီအာနန်လို ပုဂ္ဂိုလ်ရဲ့ အကြံပြုချက်များဟာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများကို ဩဇာလွှမ်းမိုးသွားနိုင်ပါတယ်။ ရခိုင်ပြည်နယ်အရေးသည် ရခိုင်ပြည်နယ်တစ်ခုတည်းအတွက်သာမကဘဲနဲ့ အမျိုးသားလုံခြုံရေး၊ နိုင်ငံအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်ပြီး အလွန်ထိလွယ်၊ ရှလွယ်ဖြစ်တဲ့ အခြေအနေမှာရှိပါတယ်။ ဒီကော်မရှင်က ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကို ဇောင်းပေးပြောဆိုလာမယ်ဆိုရင် မြန်မာနိုင်ငံအဖို့ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေးဆိုတဲ့ ကိန်းဆိုက်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ကြီးဟာ ပြည်ထောင်စုအရေးဖြစ်လို့ တိုင်းတစ်ပါးသားရဲ့အကြံဉာဏ်၊ အကူအညီယူရခြင်းထက် ညီနောင် တိုင်းရင်းသားများအချင်းချင်းသာ ကျောချင်းအပ်၊ ရင်ချင်းအပ်ပြီး ပြဿနာကိုအဖြေရှာဖြေရှင်းသင့်ပါတယ်။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက်ဆိုရင် တရားဥပဒေစိုးမိုးရေးသာ အဓိကဖြစ်တာကြောင့် တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်ကျင့်သုံးပြီး အဖြေရှာရမှာဖြစ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်

အဖွဲ့အစည်းတို့က မည်သို့ပင်တိုက်တွန်းပေးစေကာမူ ဥပဒေကို ကျော်လွန်လို့ မရကောင်းပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို ဆောင်ရွက်မယ်ဆိုရင်လည်း ရခိုင်ပြည်နယ်ထွက် သယံဇာတ ရောင်းရငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာအတွက် ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ နိုင်ငံတော် အနေနဲ့ကလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြန်လည်ထူထောင်ပေးရမယ့်တာဝန်ရှိပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြလို တာကတော့ ၂၄-၈-၂၀၁၆ ရက်နေ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းပေးသည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှာ နိုင်ငံခြားသားတွေဦးဆောင်ပါဝင်နေ တာကြောင့် ကျွန်တော်အပါအဝင် တစ်နိုင်ငံလုံးကလည်း ကော်မရှင်ရဲ့လုပ်ဆောင်လာမယ့်ကိစ္စရပ်များ အပေါ် စိုးရိမ်ကြောင့်ကြမှုဖြစ်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရခိုင်အရေးနှင့်ပတ်သက်ပြီး ထဲထဲ ဝင်ဝင်သိမြင်နားလည်တဲ့ နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေ၊ ဒေသခံတွေကို ကိုယ်စားပြုနိုင် တဲ့နိုင်ငံရေးပါတီတွေ အများအပြားရှိပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေကို ယုံယုံကြည်ကြည်တာဝန်ပေးအပ်ရ မယ့်အစား နိုင်ငံခြားသားများကို ဦးဆောင်ခွင့်ပေးလိုက်ခြင်းဟာ မိမိတို့အင်အားကို မိမိတို့ကိုယ်၌ကိုက မယုံကြည်ရာရောက်ပါတယ်။ ကော်မရှင်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးကို နိုင်ငံတကာ အရေးကိစ္စ၊ နိုင်ငံတကာပြဿနာဖြစ်အောင် ဦးတည်ဆောင်ရွက်သွားနိုင်တာကြောင့် အမျိုးသားအကျိုး စီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကိုပါ ထိခိုက်လာနိုင်တဲ့အန္တရာယ်တွေ ကျရောက်လာနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချက်အပေါ် အခြေခံပြီးတော့မှ အောက်ပါအရေးကြီးအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် နိုင်ငံခြား သားသုံးဦးပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ပြည်တွင်းရေးကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာ ရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်း သင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် ဒီအရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ဦးအောင်ကျော်ဇံ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ ဖြစ်ပါတယ်။ ပေါက်တောမဲဆန္ဒနယ်က အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့အရေးကြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံရဲ့အစိုးရသစ်ဟာ ပြည်သူများက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရသစ်ဖြစ်တဲ့အတွက် ပြည်သူများရဲ့အသံကို အလေးအနက်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ၂၄-၈-၂၀၁၆ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဖွဲ့စည်းရာမှာ နိုင်ငံခြားသားသုံးဦးပါဝင်ခြင်းဟာ နိုင်ငံတော်ရဲ့ပြည်တွင်းရေးကိစ္စကို ပြည်တွင်းမှာမဖြေရှင်းဘဲ နိုင်ငံခြားသားအားကိုးနဲ့ ဖြေရှင်းရန် စီစဉ်နေတယ်လို့ အများက ရှုမြင်သုံးသပ်ပြီး အဖွဲ့အစည်းအသီးသီးမှ စိုးရိမ်တကြီးနဲ့ ကန့်ကွက်နေတာကို တွေ့နေရပါတယ်။ ဒါ့ကြောင့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့ဆန္ဒကို လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့်အတိုင်း ပြည်သူ့ကိုယ်စားလှယ်ပီပီ ပြည်သူများရဲ့အသံကိုရယူပြီး ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဖွဲ့စည်းခြင်းသည် ပြည်တွင်းရေးကိစ္စဖြစ်သည့်အတွက် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာ ဖွဲ့စည်းသင့်ပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှုပြီး ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့ အရေးကြီးအဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ဇံ တင်သွင်းသွားတဲ့ အဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ကျော်ဇံ တင်သွင်းတဲ့အဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁-၉-၂၀၁၆ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် အသိပေးတင်ပြပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၄။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၁း၃၄ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**

**မူကြမ်း**